## Learning from home in case of school closures

### Information for parents and carers

# ကျောင်းများပိတ်ထားချိန် အိမ်မှ ပညာသင်ယူခြင်း

## မိဘနှင့် အုပ်ထိန်းသူများအတွက် အချက်လက်များ

သင့်ကလေးတက်ရောက်နေသောကျောင်းမှာ ပိတ်ထားရန်လိုအပ်ပါက ကျောင်းမှ မိသားစုများကို ပုံမှန်ဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ဆက်သွယ်ပါလိမ့်မည်။ (အီးမေးလ်၊ SMS၊ ဝက်ဘ်ဆိုက် တို့မှ ဖြစ်နိုင်သည်)

ကျောင်းအချိန်ကြာကြာပိတ်ထားမည် ဆိုပါက သင့်ကလေး အိမ်တွင် ပညာသင်ယူမှုများ ပြုလုပ်နိုင်ရန် ကျောင်းမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ပြီး ၎င်းတို့၏ ပညာသင်ယူမှုနှင့်ပတ်သက်ပြီး သင့်ကို ဆက်သွယ်လိမ့်မည်။

နိုင်ငံတဝှမ်း ကျောင်းအများစုမှ ဆရာ၊ ဆရာမ များသည် အွန်လိုင်းအသုံးပြု သင်ကြားသင်ယူမှု လုပ်ဆောင်ချက်များ ကို ဖြန့်ဝေ၊ စီမံခန့်ခွဲပြီး ဖြစ်သည်။ အချို့ကျောင်း များက ပိုမိုဆောင်ရွက်မှာဖြစ်ပြီး အချို့ကျောင်းများက သင့်ကလေး၏ ပညာသင်ယူမှုအားလုံးကို အွန်လိုင်းမှ လုပ်ဆောင်နိုင်ရန် စီစဉ်ထားနိုင်ပါ သည်။ ယင်းတွင် တိုက်ရိုက်သင်ခန်းစာ ပို့ချမှုများ ပါဝင်နိုင်သည်။ သင် သို့မဟုတ် သင့်ကျောင်းတွင် ဒီဂျစ်တယ် သို့မဟုတ် အွန်လိုင်း ဆောင်ရွက်ရန် မရွေးချယ်နိုင်ပါက ဒီဂျစ်တယ်မဟုတ်သည့် နည်းလမ်းများကို အသုံးပြုသွားမည် ဖြစ်သည်။ သင်ခန်းစာ စာရွက်စာတမ်းများ၊ ပြဿနာစာအုပ်များ သို့မဟုတ် ဒီဂျစ်တယ် သင်ခန်းစာနှင့် ဗီဒီယိုများပါဝင်သော USB ကိရိယာများကို စာတိုက်မှတဆင့်ဖြစ်စေ သို့မဟုတ် အီးမေးလ်မှတစ်ဆင့် ဖြစ်စေပို့ပေးပါလိမ့်မည်။

ဆရာ၊ ဆရာမများက ကျောင်းသားများထံကို  အုပ်စုလိုက် သို့မဟုတ် တစ်ဦးချင်းစီ ဖုန်းခေါ် နိုင်ပါသည်။

အောက်ပါအချက်များအပါအဝင် သင့်ကလေး အိမ်တွင်ပညာသင်ယူစဉ် မည်သို့ကူညီရ မည်ဆိုသည်ကို နားလည်အောင် သင့်အား ဤအချက်အလက်စာရွက်က ကူညီပါလိမ့် မည်။

- သင့်၏ တာဝန်များ - ပုံမှန်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ဆိတ်ငြိမ်သောနေရာ ရှာဖွေခြင်းနှင့် ပညာသင်ယူမှုအကြောင်း မေးမြန်းခြင်း ကဲ့သို့ သင့်ကလေး အိမ်တွင် ပညာသင်ယူစဉ် ကူညီရန် လုပ်ဆောင်ရမည့် အချက်များ ပါရှိသည်။
- သင့်ကလေး၏ တာဝန်များ - ၎င်းတို့အတွက် ချမှတ်ထားသော ပုံမှန်လုပ်ငန်းစဉ်များကို လိုက်နာရန်လို အပ်ပြီး ဆရာကပေးသော တာဝန်များ ကို အကောင်းဆုံးကြိုးစား၍ ပြီးမြောက်အောင် ဆောင်ရွက်ရန် လိုပါသည်။
- နေ့ရက်များကို စီမံခြင်း - ဤရက်များအတွင်း သင့်ကလေး ဘာတွေလုပ်ဆောင်သင့်သလဲ ဆိုတာ ကျောင်းက အကြံဉာဏ်နှင့် လမ်းညွှန်ချက်အချို့ ပေးသင့်သည်။
- ကလေးများစိတ်ချမ်းသာအောင်ထားခြင်း - ကလေးများ အနားယူရန်၊ ရေသောက်ရန်နှင့် စိတ်ဖိစီးမှု သို့မဟုတ် စိုးရိမ်ပူပန်မှု မရှိစေရန် သေချာ ဆောင်ရွက်ရပါမည်။
- ဆက်သွယ်ခြင်း - ပညာသင်ယူမှုနှင့်ပတ်သက်ပြီး သင့်ကလေးနှင့် ပုံမှန်ဆွေးနွေး ပြောဆိုရန် အရေးကြီးပါသည်။ သင့်ကလေး၏ ဆရာ၊ ဆရာမ နှင့်/ သို့မဟုတ် ကျောင်းက ၎င်းတို့နှင့် မပြတ်ဆက်သွယ်ရန် သင့်အား ဆက်သွယ် ပြောဆိုပါလိမ့်မည်။
- နည်းပညာအသုံးပြုခြင်းနှင့် ဖန်သားပြင် ကြည့်ရှုချိန် - သင့်ကလေး နည်းပညာကို အန္တရာယ်ကင်းကင်း အသုံးပြုနိုင်အောင် ကြီးကြပ်ပြီး အွန်လိုင်းအသုံးပြုချိန်ကို ကန့်သတ်ချက်များထားရန် အရေးကြီးပါသည်။

## တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ထပ်မံသိရှိလိုလျှင် သင့်ကျောင်းမှ ကျောင်းအုပ်ကြီးကို ဆက်သွယ်ပါ။ စုံစမ်းရာတွင် စကားပြန်အကူအညီ လိုအပ်လျှင် တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 သို့ ခေါ်ဆိုပြီး သင်၏ ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဤဝန်ဆောင်မှုသည် အခမဲ့ ဖြစ်ပါသည်။